# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၀၄၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သော ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ အမြင်ချင်း ဖလှယ်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် အဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် ကူမင်းမြို့ရှိ Wyndham Grand ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


ယနေ့ ဖတ် ၈ ရာ

ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုထားသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် (CI) ကိုင်ဆောင်ထားသူများအား ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးဆောင်ရွက်ပေးမည် — စာ ၃

ဆီးချိုရောဂါနှင့် ယှဉ်တွဲနေထိုင်ခြင်း — ဆောင်းပါး — စာ ၁၆

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါနယ်ထရမ့် အိမ်ဖြူတော်အကြီးအကဲအဖြစ် ဆူဇီဝိုင်းလ်ကိုခန့်အပ် — နိုင်ငံတကာသတင်း — စာ ၁၈

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❖ *ရှေ့ဖုံးမှ*

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ခွဲခြား၍ မရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး တစ်နိုင်ငံ၏ အရေးကိစ္စသည် တစ်နိုင်ငံအပေါ် သက်ရောက်မှုရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အလုပ်သမားဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ဝန်ကြီးဌာနအချင်းချင်းနှင့် ဌာနဆိုင်ရာ အချင်းချင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုနှင့် ချမှတ်ထားသည့် ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra တို့အား တွေ့ရစဉ်။

## ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုထားသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် (CI) ကိုင်ဆောင်ထားသူများအား ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးဆောင်ရွက်ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုထားသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ကိုင်ဆောင်ထားသူများအား ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးခွင့် နှစ်နှစ်စီ (၂)ကြိမ်ဖြင့် စုစုပေါင်း လေးနှစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးက အသိပေးထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ထုတ်ပြန်ချက်၌ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းမြန်မာအလုပ်သမားများကိစ္စနှင့်ပတ်သက်၍ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးချစ်ဆွေ ဦးဆောင်သည့် တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ အလုပ်အကိုင်ဦးစီးဌာန (DOE) မှ ညွှန်ကြားရေးမှူးချုပ် Mr. Somchai Morakotsriwan ဦးဆောင်သည့် လူဝင်မှုကြီးကြပ်ရေးဗျူရို (Immigration Bureau) နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများသည် နိုဝင်ဘာလ ၅ ရက် နံနက် ၁၀ နာရီက မြန်မာသံရုံး၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်အထိ ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုထားသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ကိုင်ဆောင်ထားသူများအား ဆက်လက်သက်တမ်းတိုးဆောင်ရွက်မည့်ကိစ္စကို ထည့်သွင်းညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၎င်းတို့အား ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် သက်တမ်း နှစ်နှစ်စီ (၂)ကြိမ်ဖြင့် စုစုပေါင်း လေးနှစ်ခွင့်ပြုသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်အထိ ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ရရှိထားသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများအနေဖြင့် ၎င်းတို့၏ နိုင်ငံကူးလက်မှတ် (သို့မဟုတ်) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) သက်တမ်းအနည်းဆုံး နှစ်နှစ်ကျော်ကျန်ရှိနေရန် လိုအပ်သည်ဖြစ်ရာ နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံး နှစ်နှစ်ကျော် မကျန်ရှိသူများအနေဖြင့် မြန်မာသံရုံးနှင့် ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၌ နိုင်ငံကူးလက်မှတ်သက်တမ်းတိုး လာရောက်ဆောင်ရွက်နိုင်ကြောင်း ထပ်မံအသိပေးအပ်သည်ဟု ဖော်ပြထားသည်။

ထို့ပြင် CI မှ နိုင်ငံကူးလက်မှတ်လဲလှယ်လျှောက်ထားလိုသူများအနေဖြင့် မဟာချိုင်ရှိ သာမန်မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ် (TDCC) ၌ သွားရောက်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာချက်တွင်ပါရှိသည်။ ထို့ပြင် CI စာအုပ်အဟောင်းမှ CI စာအုပ်အသစ်သို့ လဲလှယ်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းမှုများလည်း ပြုလုပ်ပြီးဖြစ်ပြီး မကြာမီတရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများရှိ မြန်မာအလုပ်သမားများအား Passport မှ Passport သို့လည်းကောင်း၊ CI မှ Passport သို့လည်းကောင်း၊ Mobile Team ဖြင့် ဆောင်ရွက်လိုပါက မြန်မာသံရုံးကောင်စစ်ဌာနသို့ လာရောက်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာထားသည်။

**MT**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ချုံချင့်မြို့ရှိ Zhongyue Aviation UAV Firefighting–Drone Co.,Ltd. မှ ထုတ်လုပ်သော ဒရုန်းဖြင့် မီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့ရှိ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ချုံချင့်မြို့ရှိ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာသည်။

**Zhongyue Aviation UAV Firefighting–Drone Co.,Ltd.**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Zhongyue Aviation UAV Firefighting–Drone Co.,Ltd. သို့ ရောက်ရှိကြရာ ကုမ္ပဏီမှ Founder & Chairman ဖြစ်သူ Mr. CAO, Bing နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကုမ္ပဏီပြခန်းအတွင်း ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုများ၊ သုတေသနပြုလုပ် ဆောင်ရွက်ခဲ့မှုများနှင့် လူသားအကျိုးပြုဆောင်ရွက်ချက်များကြောင့် ပြည်တွင်းပြည်ပမှ ချီးမြှင့်ခြင်းခံခဲ့ရသည့် ဆုတံဆိပ်များကို လိုက်လံရှင်းလင်းပြသပြီး လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အဆင့်မြင့် ဒရုန်းများ အသုံးပြု၍ ကူညီဆောင်ရွက်ခဲ့သည့် မှတ်တမ်း Video ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီမှထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက အထပ်မြင့် အဆောက်အဦများ၊ တောမီးလောင် ကျွမ်းမှုများနှင့် အခြားသော သဘာဝဘေး ကယ်ဆယ်ရေး လုပ်ငန်းတို့တွင် ဒရုန်းများအသုံးပြု၍ ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြပြီး ဒရုန်းဖြင့် မီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြသသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Zhongyue Aviation UAV Firefighting–Drone Co.,Ltd. မှ ထုတ်လုပ်သော အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကုမ္ပဏီတာဝန်ခံအား ယခုကဲ့သို့ အဆင့်မြင့် နည်းပညာများကို အသုံးပြု၍ လူသားအကျိုးပြုဒရုန်းများ တီထွင်ထုတ်လုပ်မှုနှင့် ဘေးအန္တရာယ် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ SERES မော်တော်ကားကုမ္ပဏီ၌ ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းပြသစဉ်။

**SERES မော်တော်ကားကုမ္ပဏီ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် SERES မော်တော်ကားကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ *စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ချုံချင့်မြို့ရှိ SERES မော်တော်ကားကုမ္ပဏီ၌ မော်တော်ယာဉ်များ ထုတ်လုပ်မှုကို ကြည့်ရှုလေ့လာကြစဉ်။

*စာမျက်နှာ ၄ မှ*

ကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Li Bo နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကားစက်ရုံ၏ သမိုင်းအကျဉ်း၊ ကုမ္ပဏီမှ ထုတ်လုပ်လျက်ရှိသည့် ကားအမျိုးအစားများကို ပြကွက်တစ်ခုချင်းစီအလိုက်၊ကားအမျိုးအစားအလိုက် အချက်အလက်များနှင့် စက်ရုံအတွင်း ကားထုတ်လုပ်နေမှု အဆင့်ဆင့်ကို အသေးစိတ်လိုက်လံရှင်းလင်းပြသကြရာ သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်အား ကုမ္ပဏီမှ ထုတ်လုပ်သည့် မော်တော်ကားပုံစံငယ်ကို ဂါရဝပြုပေးအပ်ရာ အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

**Chongqing International Logistics Hub Park**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်Chongqing International Logistics Hub Park သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်-ဥရောပ - အနောက်နိုင်ငံတို့အကြား *စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား SERES မော်တော်ကားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မော်တော်ကားပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Chongqing International Logistics Hub Park ၌ ချုံချင့်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု မြို့ပြပုံစံငယ်ကို ကြည့်ရှုလေ့လာကြစဉ်။





**ကြည့်ရှုလေ့လာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Chongqing International Logistics Hub Park ၌ ချုံချင့်မြို့၏ ကုန်စည်စီးဆင်းမှုဆိပ်ကမ်းများနှင့် လမ်းပန်းဆက်သွယ်ရေး မြို့ပြပုံစံငယ်ကို ကြည့်ရှုလေ့လာကြစဉ်။

*စာမျက်နှာ ၅ မှ*
ကုန်စည် စီးဆင်းလျက်ရှိသည့် ကုန်းလမ်း၊ ရေလမ်း လမ်းပြ မြေပုံ၊ ချုံချင့်မြို့၏ ဖွံ့ဖြိုးတိုးတက် မှု သမိုင်း၊ ယန်စီမြစ်ပေါ်ရှိ ကုန်စည်စီးဆင်းမှု ဆိပ်ကမ်းများ နှင့် လမ်းပန်းဆက်သွယ်ရေးနှင့် မြို့ပြပုံစံငယ်တို့ကို လိုက်လံ ရှင်းလင်းပြသကြသည်။

ရှင်းလင်း ပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည် မေးမြန်းဆွေးနွေးပြီး ဧည့်သည် တော်မှတ်တမ်းတွင် လက်မှတ် ရေးထိုးသည်။

**Weimaလယ်ယာစက်မှု ထုတ်ကုန်ကုမ္ပဏီ**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် အဖွဲ့ဝင်များသည် Weima လယ်ယာစက်မှုထုတ်ကုန် ကုမ္ပဏီ သို့ သွားရောက်လေ့လာကြရာ ဥက္ကဋ္ဌဖြစ်သူ Mr. Yan Hua နှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။ ယင်းနောက် ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင် အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံ များသို့ လယ်ယာလုပ်ငန်းသုံး ထုတ်ကုန်စက်ပစ္စည်းများ၊ ရေစုပ် စက်၊ မီးစက်၊ နှင်းရှင်းစက်နှင့် လမ်းရှင်းစက်များ တင်ပို့ရောင်း ချရလျက်ရှိမှု၊ ကုမ္ပဏီမှ ထုတ်လုပ် ထားရှိသည့် စက်ပစ္စည်းများ ခင်းကျင်းပြသ ထားရှိမှုနှင့် အဆင့်ဆင့် ထုတ်လုပ်နေမှုတို့ ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်က သိရှိလိုသည်များ ပြန်လည် မေးမြန်းဆွေးနွေးသည်။

**Chongqing Planning Exhibition ပြတိုက်**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Weima လယ်ယာစက်မှု ထုတ်ကုန်ကုမ္ပဏီမှ ထုတ်လုပ်ထားရှိသည့် လယ်ယာလုပ်ငန်းသုံး ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Chongqing Planning Exhibition ပြတိုက်၌ ချုံချင့်မြို့၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု မြို့ပြပုံစံငယ်ကို ကြည့်ရှုလေ့လာစဉ်။

များသည် Chongqing Planning Exhibition ပြတိုက်သို့ ရောက်ရှိကြရာ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ပြတိုက်မှ တာဝန်ရှိသူများက ချုံချင့်မြို့၏ ခေတ်အဆက်ဆက် ဖြစ်ပေါ်ပြောင်းလဲ တိုးတက်ခဲ့မှုများ၊ ဒေသနေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာမှုနှင့် ရိုးရာယဉ်ကျေးမှုပုံစံများ၊ မြို့ပြပုံစံငယ်များ၊ ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်နေမှုကို ဖော်ပြထားသည့် အထူးပြုလုပ်ချက်ဗီဒီယိုများ စသည်ဖြင့် ပြကွက် တစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသကြရာ သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချုံချင့်မြို့ရှိ Yuantongsi သင်္ဘောဆိပ်သို့ ရောက်ရှိပြီး ယန်စီမြစ်အတွင်း သင်္ဘောစီး၍ လေ့လာခဲ့ကြကြောင်းနှင့် သင်္ဘောပေါ်တွင် လိုက်ပါလာသည့် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ တရုတ်-မြန်မာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တွံတေးမြို့နယ် အရှေ့အရိုးတောင်ကျေးရွာ၌ ကျေးရွာမတည်စီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေး

**တွံတေး နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့အရိုးတောင်ကျေးရွာ၌ မတည်ရန်ပုံငွေစီမံကိန်းအဖြစ် ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာ ၆ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



ဦးစွာ တွံတေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးက အရှေ့အရိုးတောင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းအသင်းသားအသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီထံသို့ လည်ပတ်ရန်ပုံငွေကျပ် ၃၀၈ သိန်းကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများက အရှေ့အရိုးတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား အသင်းသူ ၁၀၈ ဦးအား လည်ပတ်ရန်ပုံငွေကျပ် ၃၀၈ သိန်းကို အသင်းသားအသင်းသူများ၏ တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့သည်။

၂၂၂

## မြောင်းမြ၌ မီးခိုး၊ မြူငွေ့ လျှော့ချရေးအသိပညာပေးဟောပြော

**မြောင်းမြ နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ မီးခိုး၊ မြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ခရိုင်အဆင့်အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၄ ရက်က မြောင်းမြပညာရေးဒီဂရီကောလိပ် မြရတုခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြောင်းမြခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး၊ ဦးစီးအရာရှိ ဦးကြည်ဌေးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး၊ ဦးစီးအရာရှိဦးအောင်အောင်ဌေးက မီးခိုး၊ မြူငွေ့ လျှော့ချရေးခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **ဇေယျာ(မြောင်းမြ)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကူမင်းမြို့မှ ချုံချင့်မြို့သို့ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ချုံချင့်မြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့် အဖွဲ့ဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ရောက်ရှိ၊ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ


**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင် ဒေသခွဲထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion (GMS) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် ကူမင်းမြို့မှ ချုံချင့်မြို့သို့ ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ ရိုးရာယဉ်ကျေးမှုအကအလှများ ကပြကာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ချုံချင့်မြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့် အဖွဲ့ဝင်များ၊ ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်း နှင့် တာဝန်ရှိသူများက ပန်းစည်းကမ်း၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါ၍ ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်း မိသားစုများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံမှာကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။


**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် က မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်သင်တန်းသားများအား တွေ့ဆုံရာ ကောင်စစ်ဝန်ချုပ်က စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားနယ်ပယ်ပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံးတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေသူများအနေဖြင့် သံတမန်ရေးရာဆိုင်ရာဆက်ဆံရေးသာမက အခြားကဏ္ဍများ၌လည်း အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ကြရန်လိုကြောင်း၊ နှစ်နိုင်ငံအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ကူးလူးဆက်ဆံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများအတွက် အကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် လူသားအရင်းအမြစ် များ အများအပြား မွေးထုတ်ပေးနိုင်ခြင်းပင် ဖြစ်သည့်အတွက် ပညာရေးမြှင့်တင်မှု အခန်းကဏ္ဍအတွက်လည်း သံတမန်ဝန်ထမ်းများအနေဖြင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာတွင် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်ခြင်း၊ လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ခြင်း၊ ဆက်ဆံရေး ကောင်းမွန်ခြင်းတို့ဖြင့် မိမိတို့နိုင်ငံ၏ဂုဏ်ကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန်လို ကြောင်း၊ မြန်မာ–တရုတ်ချစ်ကြည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင် အဓိက အထောက်အကူပြုသည့်နေရာတစ်ခုအဖြစ်ရောက်ရှိအောင် ဆောင်ရွက်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ပါစေကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ရာ ကောင်စစ်ဝန်ချုပ် **(အောက်ပုံ)**နှင့် ပညာတော်သင် သင်တန်းသားတို့က လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချုံချင့်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးပေးပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံနှင့် သီပွံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး


နေပြည်တော် နိုဝင်ဘာ ၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် ယနေ့ညနေပိုင်းတွင် Yuzhou Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun က လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ် ပါတီကော်မတီအတွင်းရေးမှူးက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ် ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေးစဉ်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့နောက် တွေ့ဆုံဆွေးနွေးရာ၌ ချုံချင့်မြို့သည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး ခေတ်အဆက်ဆက်ပြောင်းလဲ တိုးတက်လာမှုအခြေအနေများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်အနေဖြင့် ချုံချင့်မြို့သို့ ခရီးစဉ် လာရောက်မှုသည် မြန်မာ-ချုံချင့် စီးပွား ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ လမ်းစတစ်ခုဖြစ်သည့် အခြေအနေများ နှင့် ချုံချင့်မြို့နယ်အနေဖြင့် ၎င်းတို့၏ နည်းပညာအားသာချက်များ၊ လမ်းပန်း ဆက်သွယ်မှု အချက်အချာကျသည့် အားသာချက်များအပေါ်တွင် မူတည်၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု များကို ဆက်လက်ဆောင်ရွက်သွားနိုင် မည့်အလားအလာများ၊ မြန်မာနိုင်ငံနှင့် သီပွံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင် ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေ များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက် ကြပြီး တရုတ်ကွန်မြူနစ်ပါတီဗဟို ကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီ ကော်မတီအတွင်းရေးမှူးနှင့်အတူ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီ စီပယ်ပါတီကော်မတီ အတွင်းရေးမှူး တို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

### ညစာတည်ခင်းဧည့်ခံ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ် ပါတီကော်မတီအတွင်းရေးမှူးက တည်ခင်း ဧည့်ခံသည့် ညစာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

### ဆက်လက်လေ့လာသွားမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အတွင်းရှိ အထင်ကရနေရာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တက္ကသိုလ်များသို့ ဆက်လက် လေ့လာသွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun က ညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်နေချိန်တွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း အလေးထားစောင့်ကြည့်ပြီး လိုအပ်သလိုပြင်ဆင်မှုများဆောင်ရွက်ကြရန် အရေးကြီးလိုအပ်မည်

❑ *ကျော်ဖုံးမှ*

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ (ယာပုံ)



**သဘာဝဘေးဒဏ်ကြောင့်ပျက်စီး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအများအပြား တွေ့ကြုံခံစားနေရပြီး ပြင်းထန်သည့်သဘာဝဘေးများဖြစ်သော ရုတ်တရက် ရေကြီးခြင်း၊ ပြင်းထန်အားကောင်းသည့် မုန်တိုင်းကြီးများ ဖြစ်ပေါ်ခြင်းများကို တွေ့ကြုံခံစားနေရကြောင်း၊ အမေရိကန်နိုင်ငံတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ရက်သတ္တပတ် နှစ်ပတ်ခန့်ခြားကာ အင်အားအလွန်ပြင်းထန်သည့် ဟာရီကိန်းမုန်တိုင်းများဖြစ်သော Helene, Milton, Leslie မုန်တိုင်းများ ဖြစ်ပွားခဲ့၍ လူသန်းနှင့်ချီပြီး ရွှေ့ပြောင်းခဲ့ရသကဲ့သို့ အမေရိကန်ဒေါ်လာ ဘီလီယံရာနှင့်ချီပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အပြင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း စပိန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရေဘေးကြောင့် သေဆုံးသူ ၂၀၀ ကျော်ခန့်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။ အလားတူ ဖိလစ်ပိုင်နိုင်ငံတွင်လည်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများကဲ့သို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရပြီး သဘာဝဘေးအန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေ အများဆုံးစာရင်းထဲတွင် ပါဝင်နေကြောင်း၊ ယခုလတ်တလောတွင် မုတ်သုံကာလလွန်မြောက်ပြီဖြစ်သော်လည်း တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသည့် လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် လည်းကောင်း ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ နိုဝင်ဘာ ၇ ရက်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မိုးရေချိန် ၈ လက်မခန့် ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း။

**ဖြစ်စဉ်တူ၊ လမ်းကြောင်းတူ**

ထို့ပြင် တိုင်ဖွန်းမုန်တိုင်း ရင်ရှင်း (YINXING) သည် နိုဝင်ဘာ ၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်ခဲ့ပြီး အနောက်ဘက်နှင့် အနောက်မြောက်ဘက်ဆီသို့ ဦးတည်လျက်ရှိသည်ကို သတင်းများ၌ တွေ့ရကြောင်း၊ မုန်တိုင်းလမ်းကြောင်းသည် ယခင် ရာဂီမုန်တိုင်းဝင်ရောက်ခဲ့သည့် လမ်းကြောင်းနှင့် တူညီကြောင်း သိရှိရကြောင်း၊ ယခင် ရာဂီမုန်တိုင်း ဝင်ရောက်စဉ်က စက်တင်ဘာလ ၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၊ ၈ ရက်နှင့် ၉ ရက်တို့တွင် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုဖြစ်စဉ်တွင် တိုင်ဖွန်းမုန်တိုင်း ရာဂီအဖျားခတ်ချိန်၌ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းငယ်ဖြစ်ပေါ်ချိန်တိုက်ဆိုင်လျက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့် ရှမ်းပြည်နယ်တို့တွင် မိုးကြီးပြီး ရေလျှံဒုက္ခဘေးခံစားခဲ့ရသလို ယခုအခါလည်း မြန်မာနိုင်ငံအပေါ်၌ လေအေးစီးကြောင်းနှင့် လေနွေးစီးကြောင်းထိတွေ့မှုကြောင့် မိုးရွာသွန်းချိန် ဖိလစ်ပိုင်မှ တိုင်ဖွန်းမုန်တိုင်း ရင်ရှင်းကလည်း ဗီယက်နမ်နိုင်ငံဘက်သို့ ဦးတည်ချိန်နှင့်ဖြစ်စဉ်တူ၊ လမ်းကြောင်းတူ တိုက်ဆိုင်နေသဖြင့် မိုးကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားလာမှုအပေါ် ကြိုတင်မြော်တွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားကြရမည်ဖြစ်ကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံတကာမိုးလေဝသခန့်မှန်းဌာနများ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအတွင်း နိုဝင်ဘာ ၈ ရက်မှ ၁၇ ရက်အတွင်း ရွာသွန်းမြဲအောက်နှင့် ရွာသွန်းမှုအနည်းငယ်သာရှိမည်ဟု ခန့်မှန်းထားသော်လည်း မိမိတို့ဘက်မှ ထပ်မံ၍ ရာဂီမုန်တိုင်း အဖျားခတ်မှုဖြစ်စဉ်ကဲ့သို့ ထပ်မံမဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မိုးရာသီကာလတွင် မိုးများပြားစွာ ရွာသွန်းခဲ့ ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြေသားများ စိုထိုင်းဆများပြားလျက်ရှိပြီး ကျစ်လျစ်မှုအားနည်းနေသည့်အတွက် ယခင်ရာဂီကဲ့သို့ မိုးရေချိန်လက်မများစွာရရှိပါက တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ထိခိုက်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ကြိုတင်ပြင်ဆင်ရေးဆောင်ရွက်ရာတွင် ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ယခင်အတွေ့အကြုံအရ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့်နေရာများတွင် နေထိုင်သူများကို ပြောင်းရွှေ့နေရာချထားနိုင်ရန်အတွက် ရွှေ့ပြောင်းမည့်နေရာများ သတ်မှတ်ခြင်း၊ ရေသန့်နှင့် အစားအသောက်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရွှေ့ပြောင်းရန် ယာဉ်ယန္တရားများ စုဖွဲ့ပြင်ဆင်ထားခြင်း၊ အချိန်မီရွှေ့ပြောင်းခြင်း၊ ရွှေ့ပြောင်းရန်လိုအပ်သူများအား ရွှေ့ပြောင်းပေးရာတွင်လည်း ငြင်းဆန်သူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ စည်းရုံး၊ တိုက်တွန်းရွှေ့ပြောင်းပေးနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ရာဂီမုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို သင်ခန်းစာယူပြီး လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးဆုံးရှုံးမှုအနည်းဆုံး(သို့မဟုတ်) မရှိသလောက်ဖြစ်အောင် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

**လိုအပ်သည့်ထောက်ပံ့မှုများ ပြုလုပ်**

ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့် ပတ်သက်ပြီး ရေဘေးသင့်ဒေသများ၏ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်လမ်းညွှန်မှုများ ပြုလုပ်ခဲ့သည့်အပေါ်တွင် အမျိုးသားကော်မတီအနေဖြင့် ချက်ချင်းလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဘေးသင့်ဒေသများအတွက် လိုအပ်သည့်ထောက်ပံ့မှုများ ပြုလုပ်ခြင်း၊ သေဆုံးထိခိုက် ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများအတွက် ထောက်ပံ့မှုများ ပြုလုပ်ခြင်း၊ အရေးပေါ်စားနပ် ရိက္ခာများ ထောက်ပံ့ခြင်း စသည့်လုပ်ငန်းများအတွက် ငွေကျပ် ၂၅ ဘီလီယံကျော်ကို သုံးစွဲထောက်ပံ့ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍပေါင်းစုံကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် အရှိန်ရနေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်၏ မတည်ရန်ပုံငွေ၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများကို အမြန်ဆုံးပြုပြင်၍ ပြန်လည်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ခဲ့ရာ ရေဘေးဖြစ်ပွားပြီး တစ်လခန့်အတွင်းတွင်အခြေခံပညာကျောင်းများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်အောင် စေတနာမေတ္တာအပြည့်ဖြင့် လှူဒါန်းပေးကြသည့် အလှူရှင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်လည်း လိုအပ်သည့် မျိုးစပါးနှင့် တိရစ္ဆာန်ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ အခြားသော စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**အလေးထားစောင့်ကြည့်ပြင်ဆင်**

မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်နေချိန်တွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း အလေးထားစောင့်ကြည့်ပြီး လိုအပ်သလိုပြင်ဆင်မှုများ ဆောင်ရွက်ကြရန် အရေးကြီးလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ/အဖွဲ့အစည်းများ၊ လုပ်ငန်းကော်မတီများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လတ်တလော ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများနှင့် စပ်လျဉ်းပြီး ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ပြည်ထောင်စုအဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒေါက်တာစိုးဝင်းတို့က လတ်တလော ဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေကြောင့် *စာမျက်နှာ ၁၀ သို့*

❖ တိုင်ဖွန်းမုန်တိုင်းရာဂီအဖျားခတ်ချိန်၌ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမှ တစ်ဆင့် မုန်တိုင်းငယ်ဖြစ်ပေါ်ချိန်တိုက်ဆိုင်လျက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့် ရှမ်းပြည်နယ်တို့တွင် မိုးကြီးပြီး ရေလျှံဒုက္ခဘေးခံစားခဲ့ရသလို ယခုအခါလည်း မြန်မာနိုင်ငံအပေါ်၌ လေအေးစီးကြောင်းနှင့် လေနွေးစီးကြောင်းထိတွေ့မှုကြောင့် မိုးရွာသွန်းချိန် ဖိလစ်ပိုင်မှ တိုင်ဖွန်းမုန်တိုင်း ရင်ရှင်းကလည်း ဗီယက်နမ်နိုင်ငံဘက်သို့ ဦးတည်ချိန်နှင့်ဖြစ်စဉ်တူ၊ လမ်းကြောင်းတူ တိုက်ဆိုင်နေသဖြင့် မိုးကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားလာမှုအပေါ် ကြိုတင်မြော်တွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြ

*စာမျက်နှာ ၉ မှ*

ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ထိခိုက်မှုနည်းပါးစေရန် ဒေသအလိုက် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူဖြည့်ဆည်းထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

**မုန်တိုင်းလမ်းကြောင်းအခြေအနေ**

ယင်းနောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသည့် တိုင်ဖွန်းမုန်တိုင်း ရင်ရှင်း၏ လမ်းကြောင်းအခြေအနေနှင့် ဆက်လက်ဖြစ်ပေါ်နိုင်သည့် မိုးလေဝသခန့်မှန်းချက်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**“ ယခင်အတွေ့အကြုံအရ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့်နေရာများတွင် နေထိုင်သူများကို ပြောင်းရွှေ့နေရာချထားနိုင်ရန်အတွက် ရွှေ့ပြောင်းမည့်နေရာများ သတ်မှတ်ခြင်း၊ ရေသန့်နှင့် အစားအသောက်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရွှေ့ပြောင်းရန် ယာဉ်ယန္တရားများ စုဖွဲ့ပြင်ဆင်ထားခြင်း၊ အချိန်မီရွှေ့ပြောင်းခြင်း၊ ရွှေ့ပြောင်းရန်လိုအပ်သူများအား ရွှေ့ပြောင်းပေးရာတွင်လည်း ငြင်းဆန်သူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ စည်းရုံးတိုက်တွန်း ရွှေ့ပြောင်းပေးနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင်ထား ”**

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဒေသအလိုက်၊ ကဏ္ဍအလိုက် အရေးပေါ်တုံ့ပြန်ရေး၊ ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

**ဆောင်ရွက်ထားရှိမှုတင်ပြ**

ထို့နောက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း ယနေ့မွန်းလွဲမှ နိုဝင်ဘာ ၉ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် **ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်**နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



## လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော ရွှေသံလွင်စက်မှုဇုန်ရှိ Joy Full ပျော်ရွှင်ခြင်းကုမ္ပဏီမှ အာမခံအလုပ်သမား ဒေါ်ဝင်းဝင်းမိုးသည် လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးမှုအတွက် နိုဝင်ဘာ ၅ ရက်က ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်အား ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံး၌ မှတ်ပုံတင်ထားသော ဒေါ်ဝင်းဝင်းမိုးသည် စက်တင်ဘာ ၇ ရက်က လုပ်ငန်းခွင်မှ နေအိမ်သို့ စက်ဘီးဖြင့်အပြန် ရန်ကုန်-ပုသိမ်လမ်းမကြီး ဆောက်လုပ်ရေး မှတ်တိုင်အနီးတွင် အိမ်စီးကားဖြင့်အနောက်မှ ဝင်တိုက်မိရာ ကာယကံရှင်သည် အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးသွားသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်ငွေကျပ် ၄၃၂၀၀၀၀ ကို ခံစားခွင့်ရရှိသူအား စက်ရုံမှ တာဝန်ရှိသူများ၏ရှေ့တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို နိုဝင်ဘာ ၆ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဧရာဝတီခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံထူးချွန်သည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် အမှာစကားပြောကြားသည်။ ဆက်လက်ပြီး တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။




ခရိုင်(ပြန်/ဆက်)

### သဃ်န်းကျွန်းမြို့နယ်၌ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

(၂၆)ကြိမ်မြောက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ အုပ်စုလီမိတက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို နိုဝင်ဘာ ၆ ရက်က ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ အုပ်စုလီမိတက်ဥက္ကဋ္ဌ ဦးရွှေကြိုင်က အမှာစကားပြောကြားပြီး အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ်နှင့် စာရင်းစစ်အစီရင်ခံစာ ဖတ်ကြားခြင်း၊ အတည်ပြုခြင်း၊ စာရင်းစစ်အဖွဲ့အား ဆက်လက်ခန့်ထားခြင်း၊ ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ဖွဲ့စည်းအတည်ပြုခြင်း၊ အစုရှယ်ယာရှင်များက မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။

**အာကာလင်း**



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၆ ရက်က အမှတ်(၁) ရပ်ကွက်ရှိ မြို့မဈေးသစ်၌ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၈

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့ရေးရာဆိုင်ရာ အိန္ဒိယကောင်စီ (Indian Council of World Affairs – ICWA) ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။**




ခရီးစဉ်အတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိရာ ကမ္ဘာ့ရေးရာဆိုင်ရာ အိန္ဒိယကောင်စီ(ICWA)မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။


နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌနှင့် ICWA အတွင်းရေးမှူး Smt. Nutan Kapoor Mahawar တို့က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနှင့် အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍနှင့် အိန္ဒိယနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း ခေါင်းစဉ်များအား ဆွေးနွေးခဲ့ကြရာ ကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ဖက်ဒရယ်စနစ်၏ အခွင့်အာဏာခွဲဝေမှုနှင့် အခွန်ခွဲဝေမှု ခေါင်းစဉ်ကို ဆွေးနွေးခဲ့ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၏ (၁၆) ကြိမ်မြောက် ဘဏ္ဍာရေးကော်မရှင်နှင့် သွားရောက်တွေ့ဆုံခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်သို့ ဆက်လက်တက်ရောက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သည့် အိန္ဒိယနိုင်ငံ၏ ဒေသတွင်း အတွေ့အကြုံများနှင့် ဒေသတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေး စနစ် (Panchayati Raj စနစ်) ခေါင်းစဉ်တို့အား အိန္ဒိယနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြရာ ကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ခေတ်မီ နိုင်ငံတစ်ခုအတွင်း ဘာသာစကား၊ အခြားကွဲပြားမှုများနှင့် လိုက်လျောညီထွေ နေထိုင်ခြင်းခေါင်းစဉ်ကို ဆက်လက်ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံရှိ ဘာသာဗေဒ လူနည်းစုဆိုင်ရာ ကော်မရှင်နာနှင့် တွေ့ဆုံခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာများနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ အပြန်အလှန် မေးမြန်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် နိုင်ဝင်ဘာ ၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီအန်းမြို့တွင် ကျင်းပသည့် တတိယအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ညီလာခံသို့ တက်ရောက်နေစဉ် အတွင်း ဆူဒန်နိုင်ငံ စွမ်းအင်နှင့် ရေနံဝန်ကြီး၊ တရုတ်နိုင်ငံဆိုင်ရာ အာရပ်နိုင်ငံများ အဖွဲ့ချုပ်၏ သံအမတ်ကြီးတို့အပြင် Central Asian Oil City မှ အမှုဆောင်အရာရှိချုပ်နှင့် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ညီလာခံ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ China Association for Asian Economic Development Mining Professional Committee မှ Deputy Secretary General ၊ အီရန်နိုင်ငံမှ Iran National Innovation Fund တို့မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်မှု နယ်ပယ်များတွင် အဆင့်မြင့် နည်းပညာများ အသုံးချရေး၊ တီထွင်ဆန်းသစ်မှုများ ပြုလုပ်နိုင်ရေး၊ ကုန်းတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးသုံး စက်ပစ္စည်းကိရိယာများအား မူရင်းထုတ်လုပ်သူများထံမှ တိုက်ရိုက်ဝယ်ယူအသုံးပြုနိုင်ရေးတို့ အပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ကုန်စည်ပြပွဲ (Asian Oil & Gas Equipment Exhibition) နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖိတ်ခေါ်သည့်ဖိုရမ် (Investment Forum for Oil & Gas Sector) တစ်ခုအား မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Central Asian Oil City နှင့် China Association for Asian Economic Development Mining Professional Committee တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ညွှန့်သည်တော်အဖြစ် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# EPS-TOPIK **ဖြေဆိုအောင်မြင်ပြီး** Skills Test **ဖြေဆိုမည့်သူများ လုပ်ကိုင်နိုင်မှု အရည်အချင်းစစ်ဆေးခြင်းဆိုင်ရာ အထောက်အထားရှိသူများ နိုဝင်ဘာ ၉ ရက်အထိ တင်ပြနိုင်**

**ရန်ကုန် နိုဝင်ဘာ ၈**

ကိုရီးယားဘာသာအရည်အချင်း စစ်စာမေးပွဲ (EPS–TOPIK)စာမေးပွဲအောင်မြင်ပြီး Skills Test ဖြေဆိုမည့်သူများအနက် လုပ်ကိုင်နိုင်မှု အရည်အချင်း စစ်ဆေးခြင်းဆိုင်ရာ အထောက်အထားရှိသူများသည် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံးသို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း လိုအပ်သည့် အချက်အလက်များဖြင့် လာရောက်တင်ပြနိုင်ကြောင်း အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီက ဖော်ပြအသိပေးထားသည်။




လုပ်ကိုင်နိုင်မှု အရည်အချင်း စစ်ဆေးခြင်းအတွက် အလုပ်အကိုင်အတွေ့အကြုံ (မိမိလျှောက်ထားသည့် လုပ်ငန်းနှင့်သက်ဆိုင်သည့် အနည်းဆုံး (၁) နှစ်နှင့်အထက်) ရှိသူများသာ၊ အသက်မွေးဝမ်းကျောင်း သင်တန်း (သင်ကြားချိန် နာရီ ၁၂၀ နှင့်အထက်) တက်ရောက်အောင်မြင်ပြီးသူ၊ အစိုးရဌာနများမှ သင်တန်းဆင်းလက်မှတ်၊ နိုင်ငံအဆင့် ကျွမ်းကျင်မှုလက်မှတ်ရရှိထားသူများ ဖြစ်ရမည်ဟု ပါရှိသည်။ လိုအပ်သည့် စာရွက်စာတမ်းများမှာ သတ်မှတ်ပုံစံများကို POEA–EPS Facebook မှ download ရယူ၍ ကြိုတင်ထုတ်ယူဖြည့်စွက်ပြီး လျှောက်ထားသည့်လုပ်ငန်း (ကုန်ထုတ်လုပ်ငန်း ပထမအသုတ်နှင့် ဝန်ဆောင်မှုလုပ်ငန်း အုပ်စု–၁) နှင့် သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံ၊ အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းအောင်လက်မှတ်၊ အစိုးရ သင်တန်းကျောင်း သင်တန်းဆင်းအောင်လက်မှတ်များ တင်ပြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အထောက်အထားတင်ပြသူများအား အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးရာတွင် တင်ပြသည့်အထောက်အထားနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းမည်ဖြစ်ပြီး အထောက်အထားမရှိသူများသည် လာရောက်တင်ပြရန်မလိုအပ်ပါကြောင်းနှင့် Skills Test ဖြေဆိုရမည့် နေ့ရက်တွင်သာ လာရောက်ဖြေဆိုရန်နှင့် တင်ပြသည့် အထောက်အထားများသည် မမှန်မကန်ရေးသားဖြည့်စွက်ခြင်းဖြစ်ကြောင်း တွေ့ရှိပါက မိမိ၏တာဝန်သာ ဖြစ်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီက အသိပေးကြေညာထားသည်။

**MT**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင် သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်၊ တောင်သူများထံ မြေသြဇာများထောက်ပံ့

နေပြည်တော် နိုဝင်ဘာ ၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် တရုတ်လှ ကျေးရွာ တရုတ်လှလျှပ်စစ်မြစ်ရေတင်၌ သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။**



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ ဘားအံငါးလုပ်ငန်းစခန်းနှင့် ကျုံဒိုး ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၃ သိန်းကို ထုတ်လုပ်ပြီး ၅ ဒသမ ၂ သိန်းကို သဘာဝမြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်သွားရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ကာ ယနေ့တွင် ငါးသားပေါက်ကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်မည်ဖြစ်သည့်အတွက် ယခုနှစ်လျာထားချက်အပေါ် ရာနှုန်းပြည့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အဖွဲ့သည် လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာနေ ပြည်သူများနှင့်အတူ ငါးမြစ်ချင်း ကောင်ရေ ငါးသောင်း၊ ငါးခုံးမကြီး ကောင်ရေ ငါးသောင်း စုစုပေါင်း ကောင်ရေ တစ်သိန်းကို သံလွင်မြစ်အတွင်း ငါးမျိုးထည့်ပေးခဲ့ကြပြီး **(အပေါ်ယာပုံ)** တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း 37 KW Motor (၄)စုံဖြင့် သံလွင်မြစ်မှ ရေကိုစုပ်တင်၍ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ၌ ကျင်းပသည့် မိုးစပါးစိုက်ခင်းများအား သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျရောစပ် စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး နောင်ခရိုင်၊ ထောင်ဝိ၊ ကော့လှိုက်၊ ကော့သင်းရှူး၊ ရဲသာ (ကမော့ကစင်)၊ ကော့ထမလိန်း၊ တော်ပုံ၊ လှိုင်ကမ္ဘာကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများကို ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ စုစုပေါင်းအိတ် ၃၀၀ ကို ထောက်ပံ့ပေးအပ်ကြပြီး တောင်သူများ၏ မိုးစပါးစိုက်ခင်းများအတွင်း သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ အချိုးကျရောစပ် စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲ ကို ကြည့်ရှုအားပေးကြကာ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ ကရင်ကျောင်းသားများ ရိပ်သာရှေ့ရှိ ဘောလုံးကွင်း၌ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ စာချုပ်စိန်ခေါ်ပွဲများ ယှဉ်ပြိုင်ထိုးသတ်နေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စာချုပ် စိန်ခေါ်ပွဲခေါင်ပွဲစဉ်အဖြစ် ရန်နိုင်ထွန်း (ဖွဲ့ကပင်မြေ) နှင့် အောင်ခိုင် (ဘိလပ်မြေစက်ရုံ) တို့၏ သရေရလဒ်ထွက်ပေါ်မှုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ စီ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ဘားအံမြို့ သီရိကွင်း၌ (၆၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ တတိယည အနေဖြင့် ဒုံးအဖွဲ့ ကိုးဖွဲ့တို့၏ မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ကပြ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဒုံးအဖွဲ့များအတွက် ငွေကျပ် ၁၀ သိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ငွေကျပ် ၁၀ သိန်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ငွေကျပ် ၁၀ သိန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ငွေကျပ်ကိုးသိန်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး မြေယာလုပ်ပိုင်ခွင့် အသုံးပြုခွင့်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်လို

**နေပြည်တော် နိုဝင်ဘာ ၈**

ပြင်ဦးလွင်ဒေသ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်ကော်ဖီဥယျာဉ် ရှင်းလင်းဆောင်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကော်ဖီအသင်း တာဝန်ရှိသူများနှင့် ကော်ဖီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။




တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးရန် ရှိသည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ နှောင့်နှေးမှုမရှိစေဘဲ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကော်ဖီတောင်သူများ ကော်ဖီလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး မြေယာလုပ်ပိုင်ခွင့် အသုံးပြုခွင့်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများက ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများ အလိုက် ညှိနှိုင်းဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာအုပ်စု မိုးစပါးစံပြကွက်တွင် စိုက်ပျိုးထားသော အရည်အသွေးကောင်း၊ အထွက်ကောင်း စပါးမျိုးသစ် (YSR-1) ဧက ၄၀ ၏ ဖြစ်ထွန်း အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် သင်ပန်းကုန်း၊ ဆည်ကြီးနှင့် ညောင်အိုင်ကျေးရွာများမှ တောင်သူများအား တွေ့ဆုံ၍ ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ တောင်သူများ၏ သီးနှံစိုက်ပျိုးထွက်ရှိမှုနှင့် ဝင်ငွေ အကျိုးအမြတ်တို့ကို မေးမြန်းဆွေးနွေးပြီး မျိုးကောင်း မျိုးသန့် ပြောင်းလဲသုံးစွဲခြင်း၏ အရေးပါမှုနှင့် သီးထပ်စွမ်းအား မြှင့်တင်ရေးအတွက် ဌာနပညာရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆောင်းနေကြာ (ဆင်းရွှေကြာ - ၂) ဧက ၁၅၀ စံပြစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံ၍ နေကြာ စိုက်ပျိုးခြင်းဆိုင်ရာ လိုက်နာသင့်သော နည်းပညာများကို ရှင်းလင်းဆွေးနွေးပြောကြားကာ တောင်သူများ၏ တင်ပြမှုအပေါ် လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ခိုလမ်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တရားမဝင်သစ်ထုတ်ယူမှုလျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**ခိုလမ် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ခိုလမ်မြို့၌ သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် တရားမဝင် သစ်ထုတ်ယူမှု လျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၇ နာရီခွဲက ဟိုနောင်ကျေးရွာအုပ်စု နမ့်ဟူးအွမ်ကျေးရွာ စာသင်ကျောင်းတွင် ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ခိုလမ်မြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်က အမှာစကားပြောကြားပြီး ခိုလမ်မြို့ သစ်တောဦးစီးဌာန တောအုပ် ဦးငြိမ်းချမ်းက မီးခိုးမြူငွေ့အကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၊ တရားမဝင် သစ်ထုတ်ယူမှုမဖြစ်ပေါ်စေရေး အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခိုလမ်(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ ကြိုတင်ပြင်ဆင်နေမှု ကြည့်ရှုအားပေး





**နေပြည်တော် နိုဝင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C) ရုံ၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အကအလှများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ဆင်နွှဲဖျော်ဖြေ တင်ဆက်ကြမည့် ကျောင်းသူများ၏ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

ဦးစွာ **"လှပချစ်စရာ တို့ရွှေမြန်မာ"** တေးသီချင်းနှင့်အတူ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူ ၃၂၀ ၏ အကအလှများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မှာကြားရာတွင် အမျိုးသားအားကစားပွဲတော် ကျင်းပရန် အချိန်အားဖြင့် တစ်လခန့်သာ ကျန်ရှိတော့ကြောင်း၊ ကျောင်းသူများ၏ အကအလှများသည် အားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် အဓိက အခန်းကဏ္ဍမှပါဝင်ကြောင်း၊ မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့ကို ဖော်ကျူးသည့် **"လှပချစ်စရာ တို့ရွှေမြန်မာ"** တေးသီချင်း၏ အကအလှသည် Freefall ဆင်းသက်၍ Countdown ရေတွက်ပြီးသည့်အခါ ကပြရမည့် ဖွင့်ပွဲအကဖြစ်ကြောင်း၊ ပိတ်ပွဲအခမ်းအနားတွင် **"ရွှေပြည်တော်သို့ တို့အတူ"** တေးသီချင်းဖြင့် အဓိပ္ပာယ်ရှိသည့် ရွှေပြည်တော်ကို သွားကြမည်ဆိုသည့် သီချင်းဖြင့် ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ မင်္ဂလာရှိသည့် အဖွင့်သီချင်းနှင့် အင်အားဖြစ်စေမည့် အပိတ်သီချင်းတို့ဖြင့် အနှစ်သာရရှိရှိဖြင့် စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း။

ယခုပွဲတော်ကြီးသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသကဲ့သို့ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင် ကျောင်းသူများ၏ကြိုးစားမှုသည် အနှစ်သာရရှိပြီး အလွန်အရေးကြီးကြောင်း၊ တေးသီချင်း သရုပ်ဖော်တင်ဆက်မှုသည် လူငယ်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် တွေးခေါ်နိုင်မှုတို့ကို ဖော်ကျူးသည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လေ့ကျင့်ပြင်ဆင်မှုများတွင် အခက်အခဲများရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်စေလိုကြောင်း၊ ကျောင်းသူများအနေဖြင့် ပွဲတော်ကြီးတွင် စိတ်အားထက်သန်စွာဖြင့် အကောင်းဆုံးဖျော်ဖြေတင်ဆက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကျောင်းသူများ၏ ပညာရေးနှင့် ကျန်းမာရေးကို မထိခိုက်စေရန်အတွက်လည်း အထူးဂရုပြုစေလိုကြောင်းနှင့် ပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပျော်ပျော်ရွှင်ရွှင်၊ စည်းကမ်းရှိရှိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မှာကြားရာတွင် ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ ကြီးကျယ်ခမ်းနားသည့် အခမ်းအနားတစ်ခုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီအားဖြည့်ခွင့်ရသည့်အတွက် ဂုဏ်ယူတတ်စေလိုကြောင်း၊ နိုင်ငံတော်က **"လူငယ်စွမ်းအားပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီ မြန်မာပြည်"**၊ **"လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့"** ဆိုသည့် ဆောင်ပုဒ်များဖြင့် လူငယ်များအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ စိတ်ချမ်းသာစွာဖြင့် အကအလှများကို လေ့ကျင့်ဆောင်ရွက်ကြစေလိုကြောင်းနှင့် မိမိတို့ဘက်ကလည်း အပြည့်အဝပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံတို့သည် ပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် တေးသီချင်းများဖြင့် အကအလှများ ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်နေကြသည့် အနုပညာဦးစီးဌာနမှ အကနည်းပြ ဆရာ၊ ဆရာမများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ကြီးကြပ်ဆရာမများနှင့် ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး အားပေးစကားပြောကြားသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်းများနှင့် မသန်စွမ်းအားကစားနည်းများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကိုလည်း နိုင်ငံတော်အဆင့်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အများပြည်သူ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးနိုင်ရေးတို့အတွက် အခမ်းအနား ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးကိစ္စများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ နေထိုင်မည့်အဆောင်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်ကာ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများ၊ အုပ်ချုပ်သူနှင့် နည်းပြများ၊ ဒိုင်/ဂျူရီများ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရန် အဆောင်များ ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဆပ်ကော်မတီဝင်များက လာရောက်ကြမည့် အားကစားသမားများ၊ အုပ်ချုပ်သူနှင့် နည်းပြများ၊ ဒိုင်/ ဂျူရီများ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဧည့်ခံကျွေးမွေးရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တည်းခိုနေထိုင်သူများအတွက် သောက်ရေ/သုံးရေများ လုံလောက်မှုရှိစေရေးနှင့် ကျန်းမာရေးနှင့်အညီ သန့်ရှင်းမှုရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်၊ ဧည့်ခံကျွေးမွေးမည့် အဆောင်များကို သတ်မှတ်ရာတွင် တည်းခိုဆောင်များအလိုက် စနစ်တကျသတ်မှတ်ရန်၊ အစားအစာများကို အလေအလွင့်မရှိစေရန် ကူပွန်စနစ်ဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်နှင့် သန့်ရှင်းလတ်ဆတ်သော အစားအစာများဖြစ်စေရေးအတွက် စနစ်တကျစီမံဆောင်ရွက်ကြရန်၊ ဧည့်ခံကျွေးမွေးရာတွင် ပိုမိုကောင်းမွန်မှုရှိစေရန် စားသုံးသူများ၏ အကြံပြုချက်များပေးနိုင်ရန်အတွက် အကြံပြုစာအုပ်များ ထားရှိဆောင်ရွက်ရန်၊ ပြိုင်ပွဲဝင် အားကစားသမားများ တည်းခိုနေထိုင်ရာတွင် ရာသီဥတုနှင့် ကိုက်ညီမှုရှိသော အိပ်ဆောင်သုံးပစ္စည်းများ ထည့်သွင်းအသုံးပြုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ကြရန်၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်၊ အဆောင်အတွင်းအပြင် သန့်ရှင်းရေးအတွက် သန့်ရှင်းရေးဝန်ထမ်းများ စနစ်တကျစုဖွဲ့၍ အစဉ်တစိုက် ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တည်းခိုဆောင်များ ပြုပြင်မွမ်းမံနေမှု၊ အဆောင်များ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# အမျိုးသားအားကစားပွဲတော်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက် အထိ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဂေါက်သီးနှင့် ပြေးခုန်ပစ် အားကစားနည်းများဖြစ်ကြောင်း သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ငါးမျိုးတွင် နည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမား စုစုပေါင်း ၆၉ ဦးပါဝင်မည်ဖြစ်သည်။ ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးနှင့် မသန်စွမ်းအားကစားသမားများအတွက် အားကစားနည်း လေးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ကြီး အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ဘက်စုံလွှမ်းခြုံသောအစီအစဉ် (Master Plan) ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၈

**ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ကြီး အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ဘက်စုံလွှမ်းခြုံသောအစီအစဉ်(Master Plan)ရေးဆွဲနိုင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ အဆောက်အဦ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေစည်းခုံစေတီတော်ကြီးသည် ရှေးဟောင်းလက်ရာကျန်ရှိမှုအဆင့် Grade 1 အဆင့်ဖြစ်ပြီး စေတီတော်ပရိဝုဏ်အတွင်းတွင် ပုဂံခေတ်ကာလကတည်းက ဘုရား၊ စေတီများ၊ ကျောက်စာအထောက်အထားများအပြင် ပုဂံခေတ်နောက်ပိုင်းကာလမှ ခေတ်အဆက်ဆက် လှူဒါန်းထားသည့် ခေါင်းလောင်းများ၊ ကျောက်သပိတ်များကို ယနေ့တိုင် တွေ့မြင်နိုင်ပါကြောင်း၊ ရွှေစည်းခုံစေတီတော်ကြီးအား မည်သည့်နေရာမှကြည့်ကြည့် မြင်ကွင်းတင့်တယ်သပ္ပာယ်စေရေး၊ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ရာတွင် အဆင်ပြေစေရေးအတွက် ဘက်စုံပြုပြင်ထိန်းသိမ်းခြင်းအစီအစဉ် (Master Plan) ရေးဆွဲဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပါကြောင်း။

သို့ပါ၍ Master Plan ရေးဆွဲရေး ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အထောက်အကူပြုကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက် ကိုးကွယ်နိုင်ခြင်းအလို့ငှာ ရွှေစည်းခုံစေတီတော်ကြီးကို တည်ထားခဲ့ရာ နှစ်ပေါင်းရာထောင်မက တည်တံ့ခိုင်မြဲစေရေးအတွက် ရှေးဟောင်းအမွေအနှစ်များကို ထိခိုက်မှုမရှိစေဘဲ မိမိတို့ကျွမ်းကျင်သော အတတ်ပညာ၊ အသိပညာတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်မှုများကို မိမိတို့၏ ကုသိုလ်စိတ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ရွှေစည်းခုံစေတီတော်ကြီး၏ Master Plan ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မတိုင်မီ ရေးဆွဲပြီးစီးနိုင်ရေး ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ Master Plan ရေးဆွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက Master Plan ရေးဆွဲရေးလုပ်ငန်းကော်မတီ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ မန္တလေးမြို့ ကုသိုလ်တော်ဘုရား ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းများနှင့်နှိုင်းယှဉ်၍ အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌက Master Plan ရေးဆွဲရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်သင့်သော အကြံပြုချက်များကို ဆွေးနွေးတင်ပြပြီး ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် (Master Plan) ရေးဆွဲရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအဖွဲ့ လေးဖွဲ့က ဆောင်ရွက်ထားမှုအခြေအနေတို့ကို အဖွဲ့လိုက် အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာ - လာအို နှစ်နိုင်ငံနယ်စပ် ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ဝင်ထွက်မှုစစ်ဆေးရေးဂိတ်နှင့် မြန်မာ - ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးတံတား ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၈**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ မြန်မာ-လာအို နှစ်နိုင်ငံနယ်စပ် မဲခေါင်မြစ်၏ မြန်မာဘက်ခြမ်းရှိ ဝမ်ပုံ ဆိပ်ကမ်းလှေဆိပ်နေရာနှင့် ဝမ်ပုံ အပြည်ပြည်ဆိုင်ရာ ဝင်ထွက်မှု စစ်ဆေးရေးဂိတ်သို့ ရောက်ရှိပြီး ဝမ်ပုံဆိပ်ကမ်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ နယ်စပ်ဖြတ်သန်းခွင့်စာအုပ် (Border Pass) ဆောင်ရွက်သည့် နေရာနှင့် ဝမ်ပုံလှေဆိပ်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ဝင်ထွက်မှုစစ်ဆေးရေးဂိတ်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲ (ဝမ်ပုံ) တပ်ဖွဲ့ခွဲဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် ရဲတပ်ဖွဲ့ရေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှု၍ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ) အစည်းအဝေးခန်းမ၌ မြန်မာ - လာအို နှစ်နိုင်ငံ နယ်စပ်လုပ်ငန်းများဆောင်ရွက်နေသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မြန်မာ-လာအို နှစ်နိုင်ငံ နယ်စပ်ဒေသ စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်နှင့်အညီ နှစ်နိုင်ငံ ကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ကြိုတင်စီစဉ်ဆောင်ရွက်ထားနိုင်ရေး၊ လန်ချန်း - မဲခေါင် ကုန်သွယ်မှု မူဘောင်အရ ဆောင်ရွက်နေသော်လည်း လက်ငင်းဆောင်ရွက်ရန် လိုအပ်ပါက အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ် အမှတ် (၂) ချစ်ကြည်ရေးတံတား၌ ကုန်တင်ယာဉ်နှင့် လူစီးယာဉ်များ ဝင်ထွက်သွားလာနေမှုအပေါ် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမှတ်(၁) ချစ်ကြည်ရေးတံတား၌ နှစ်နိုင်ငံ နယ်စပ်နေပြည်သူများအား နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(BP)နှင့် ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ် (TBP) တို့ဖြင့် ဖြတ်သန်းခွင့်ပြုဆောင်ရွက်နေမှု၊ (TBP) လာရောက်ဆောင်ရွက်သည့် ပြည်သူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာ အခက်အခဲများ မေးမြန်း၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အမှတ် (၁) ချစ်ကြည်ရေးတံတား အနီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်ခရိုင်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး မယ်ဆိုင်ချောင်း ရေကြီးရေလျှံမှု ဖြစ်ပွား၍ ရုံးအဆောက်အဦများ ပြန်လည် သန့်ရှင်းသပ်ရပ်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ တာချီလိတ်၊ မိုင်းတုံနှင့် မိုင်းဆတ်ခရိုင်ရှိ ခရိုင်နှင့် မြို့နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲမှဝန်ထမ်းများအား တွေ့ဆုံ၍ နှစ်နိုင်ငံပြည်သူများ ဝင်ထွက်သွားလာမှုနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ ပြည်သူကို ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အပြန်အလှန် ရိုင်းပင်းကူညီဆောင်ရွက်ကြရေး မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာရင်းဇယားအချက်အလက်များ မှန်ကန်ရေးနှင့် ပြည်သူကို ထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် လုံခြုံရေးသတိအမြဲရှိရန် မှာကြားကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို ရာသီဥတုအခြေအနေအရ နေ့ရက်ပြောင်းလဲ ကျင်းပမည်

**တောင်ကြီး နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို ရိုးရာအစဉ်အလာနှင့်အညီ နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ သို့သော် လက်ရှိ မိုးလေဝသခန့်မှန်းချက်များအရ ရာသီဥတုအခြေအနေအပေါ်မူတည်၍ အထက်ပါကျင်းပမည့် နေ့ရက်များအစား တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို ရိုးရာမပျက် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ နေ့ရက်ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်တွင် မီးပုံးပျံညမီးကြီးယမ်းမီး ၂၆ လုံး၊ စိန်နားပန် မီးပုံးပျံ ၂၄ လုံး စုစုပေါင်းအလုံးရေ ၅၀၊ နေ့လွှတ် ခြေနှစ်ချောင်း ၁၄၇ လုံး၊ ခြေလေးချောင်း ၃၈ လုံး၊ အရုပ်အုပ်စု ၂၃ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် မီးပုံးပျံဝါသနာရှင်များ လာရောက်ကြည့်ရှုလည်ပတ်နိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ၂၆၁၃ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး တက်ရောက်လောင်းလှူပူဇော်

**ပြည် နိုဝင်ဘာ ၈**

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ၂၆၁၃ နှစ်ပြည့် ဗုဒ္ဓပူဇနီယ ပွဲတော်ဖွင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါစေတီရင်ပြင်တော်ပေါ်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဒေသကွပ်ကဲရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး(**ယာဝုံ့**)၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ကြွရောက်လာသည့် သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူပူဇော်ကြသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ဘုရားသိမ်အဟောင်းအား ကြည့်ရှုစစ်ဆေးပြီး ရေးမူမပျက် အမြန်ဆုံးပြင်ဆင်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မိဘမဲ့ဂေဟာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ယမန်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အဝါရောင်မျိုးဆက်သစ်ပရဟိတ မိဘမဲ့ကျောင်းနှင့် ယနေ့တွင် လယ်ဝေးမြို့နယ်ရှိ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ် (စမတောင်) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ကော်မရှင်အဖွဲ့ဝင်သည် ကလေးများကို ကျား/ မ ခွဲခြားပြီး ဂေဟာရှိ အိပ်ဆောင်များအလိုက် ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ ကျွေးမွေးမှုအခြေအနေ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးမှု၊ သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်မှု အခြေအနေများနှင့် ကလေးငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုစောင့်ရှောက်ပေးမှု အခြေအနေ၊ ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့် စသည့်အခြေခံလူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရမည်းသင်း - တပ်ကုန်ကြား လေမိုးဒဏ်ကြောင့် ၃၃ ကေဗွီဓာတ်အားလိုင်းပျက်စီးမှု အမြန်ဆောင်ရွက်

**ရမည်းသင်း နိုဝင်ဘာ ၈**

ရမည်းသင်းမြို့ တပ်ကုန်းမြို့နယ် ငွေတောင်ခွဲရုံနှင့် ဥသျှစ်ကုန်းဓာတ်အားခွဲရုံအကြား နိုဝင်ဘာ ၅ ရက်က ညအချိန် မိုးရွာသွန်းမှုကြောင့် ၃၃ ကေဗွီဓာတ်အားလိုင်းမှ ဓာတ်တိုင်နှစ်တိုင်လဲကျ၍ ရမည်းသင်းမြို့နယ် တစ်ခုလုံးလျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့သည်။

ရမည်းသင်းမြို့နယ် အင်ဂျင်နီယာ ဦးနေလင်းဖြိုးနှင့် တာဝန်ရှိဝန်ထမ်းများက လယ်ကွင်းအတွင်း ဓာတ်တိုင်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ခက်ခဲစွာ လူအားဖြင့် ဝိုင်းဝန်းထူထောင်ကြရာ နိုဝင်ဘာ ၆ ရက်တွင် နေ့ချင်းပြီး ဆောင်ရွက်ကြသည့်အတွက် ညနေ ၅ နာရီတွင် လျှပ်စစ်မီး ပုံမှန်ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။



**၁၄၄**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ဆွန်ဇူး၏ စစ်ပညာ | မောရိသျှ | ဦးထက်ပိုင်အောင်<br>ပန်းဆက်လမ်းစာပေ |
| ၂။ | အခြေခံတရုတ်စကားပြောစာအုပ်<br>(ဒုတိယအကြိမ်) | ဒေါ်ချောစုခိုင် | ဒေါ်ခင်ဝင်းစိန်<br>လင်းလွန်းခင်စာပေ |
| ၃။ | ခြင်းလုံးလေးရဲ့မိုးကောင်းကင် (ဒုတိယအကြိမ်) | ဝင်းဝင်းမြင့်<br>(နန်းတော်ရှေ့) | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |
| ၄။ | ထပ်တိုးရစ်ချည် | မိုးခကျော်သွင် | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |
| ၅။ | ပိတ်ကားအပြင်ကရုပ်ရှင် | အောင်မြင် | ဦးသန့်ဇော်ထွန်း<br>ဒီရေကမ်းစာပေ |

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဘီးလင်းမြို့နယ်၌ စုပေါင်းငါးလွှတ်ပွဲပြုလုပ်

**ဘီးလင်း နိုဝင်ဘာ ၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ (၃၆) ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းငါးလွှတ်ပွဲကို နိုဝင်ဘာ ၆ ရက်က ကန်သာယာရပ်ကွက်ရှိ ရှင်ဥပဂုတ္တကန်၌ ပြုလုပ်သည်။

စုပေါင်းငါးလွှတ်ပွဲသို့ ဘီးလင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်နှင့်အဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ငါးမြစ်ချင်းနှင့် ရွှေဝါငါးကြင်းသားပေါက် ကောင်ရေ ၅၀၀၀ ကို ကန်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

# ဆီးချိုရောဂါနှင့် ယှဉ်တွဲနေထိုင်ခြင်း

အောင်မင်း(ကျန်းမာရေးပညာ)

အသက် ၃၉ နှစ်အရွယ်၊ ၂၅-၂-၂၀၀၅ ရက်နေ့က ဆီးချိုရောဂါစတင်ခံစားနေရမှန်းသိခဲ့သူ ကျွန်တော် ဆီးချိုရောဂါဝေဒနာသည်အဖြစ် ရှင်သန်နေထိုင်ခဲ့သည်မှာ ဆီးချိုရောဂါသက် ၁၉ နှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်။ နောက်ဆက်တွဲရောဂါလက္ခဏာများ မခံစားရသေးသည့် ကျွန်တော့်ကို မိတ်ဆွေအပေါင်းအသင်းရောင်းရင်းများက ဆီးချိုသမားမှန်း မသိရဘူးဟု ပြောကြသလို တချို့သော မိတ်ဆွေဆရာဝန်များကလည်း ဆရာ့ ရုပ်က ဆီးချိုသမားမှန်း သိသာတယ်နော်ဟု မှတ်ချက်ပြုသူလည်းရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိ၏လုပ်ငန်းတာဝန်များကို အတိုင်းအတာတစ်ခုအထိ စွမ်းဆောင်နိုင်သေးသဖြင့် ဆီးချိုရောဂါနှင့်အတူ ကျန်းမာစွာ ယှဉ်တွဲနေထိုင်နိုင်ခဲ့ခြင်းအခြေအနေကို ဖောက်သည်ချ တင်ပြလိုပါသည်။




**ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ခြင်း**
**(Regular proper exercises)**

ရောဂါဝေဒနာမခံစားရသေးခင်က ကိုယ်လက်လှုပ်ရှားမှုများကို ပုံမှန်ပြုလုပ်လေ့မရှိခဲ့သော်လည်း ရောဂါရှိမှန်းသိသည့်အချိန်မှစ၍ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို မှန်မှန်ပြုလုပ်ခဲ့ပါသည်။ နေ့စဉ် တစ်ရက်လျှင် နာရီဝက်ခန့်၊ သီတင်းတစ်ပတ်လျှင် ငါးရက်ခန့် ချွေးစို့သည်အထိ၊ အနည်းငယ်မောပန်းသည်အထိ ခပ်သွက်သွက် လမ်းလျှောက်ခဲ့ပါသည်။ အိမ်ကိစ္စ၊ ရုံးကိစ္စများကို လှုပ်ရှားတက်ကြွ ပုံစံဖြင့် နေထိုင်သွားလာခြင်း၊ အနည်းငယ်ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများကို ၁၅ မိနစ်ခန့် (ဥပမာ- ပေါက်ပြားဖြင့် စိုက်ပျိုးမြေပြင်ခြင်း၊ အမှိုက်ရှင်းခြင်း) တစ်ပတ်လျှင် နှစ်ရက်ခန့် ပြုလုပ်ပါသည်။ တိုက်ခန်း၏ သုံးထပ်မြောက်တွင် နေထိုင်သူဖြစ်သဖြင့် တစ်ရက်လျှင် လေး-ငါးကြိမ် တိုက်ခန်း အဆင်း၊ အတက်ပြုလုပ်ခြင်းများ လုပ်ဆောင်ပါသည်။ **ဆီးချိုသွေးချိုရောဂါရှိသူတိုင်း ကိုယ်လက်လှုပ်ရှားမှုကို ကုထုံးတစ်ခုအနေဖြင့် ပုံမှန်ဆောင်ရွက်သင့်ပါသည်။**

**သင့်တင့်မျှတစွာ စားသောက်ခြင်း (Balance Diet)**

အစားအသောက်စားသောက်မှုပုံစံအနေဖြင့် မြန်မာပီပီ မြန်မာ ထမင်းဟင်းကိုသာ မိမိတို့မိသားစု သို့မဟုတ် မိမိကိုယ်တိုင် ချက်ပြုတ်ပြင်ဆင်သော ထမင်းကိုသာ ဖြစ်နိုင်သမျှ စားသုံးပါသည်။ ထမင်းကို အတိုင်းအတာဖြင့် စားသုံးပြီး ဟင်းကိုဆီပြန်ဟင်းမချက်ဘဲ ဆီလည်ရေလည်ဟင်း၊ ဟင်းသီးဟင်းရွက်ပြုတ် နှစ်မျိုး၊ သုံးမျိုး များများစားသုံးပါသည်။ ထို့ပြင် မချိုလွန်းသောသစ်သီးများကို မိမိ ငွေကြေးတတ်နိုင်သည့်အပေါ်မူတည်၍ နေ့စဉ် နှစ်မျိုး၊ သုံးမျိုး စားသုံးခဲ့ပြီး ဆေးလိပ်ကိုမူ ဝေးဝေးကရှောင်ပါသည်။ **ဆရာဝန်များ၏ ဆီးချိုသမားများအတွက် အစားအသောက်လမ်းညွှန်အတိုင်း ကြိုးစား စားသောက်ပါသည်။**



**စနစ်တကျ ဆေးကုသမှုခံယူခြင်း (Proper Treatment)**

ဆီးချိုရောဂါရှိမှန်းသိသည့်အချိန်မှစ၍ ဆရာဝန်နှင့်ပြသကာ စနစ်တကျ ဆေးကုသမှုခံယူခဲ့ပါသည်။ ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆေးကို စနစ်တကျသောက်သုံးသကဲ့သို့ ဆီးချိုစစ်သင့်သည့်အချိန်များတွင် မိမိအိမ်၌ ကိုယ်တိုင်စစ်၍ ဆီးချိုအတက်အကျကို မှတ်တမ်းတင်ထားရှိပါသည်။ လိုအပ်သည့်အခါတိုင်း ဆရာဝန်ညွှန်ကြားသော HB A1C၊ Lipid profile စသည်တို့ကို စစ်ဆေးပြီး ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ဆေးသောက်သုံးပါသည်။

ဤနေရာတွင် သတိထားရမည့်အချက်မှာ ကျွန်တော်တို့ မြန်မာလူမျိုးများသည် အချင်းချင်းရိုင်းပင်းကူညီတတ်သော စိတ်ဓာတ်ဖြင့် ဘယ်သူကဖြင့် ဘယ်ဆေးနဲ့ပျောက်သွားတာ၊ အဲဒီဆေး သောက်ကြည့်ပါလား၊ ဒီအရွက်က ဆီးချိုအတွက်ကောင်းတယ်၊ ထမင်းစားတဲ့အခါ သုံးရွက်တို့စားပါ စသည်ဖြင့် ဆေးမြီးတိုများကို စေတနာဖြင့် လမ်းညွှန်ကြခြင်းဖြစ်သည်။ ဆေးမြီးတိုများအပေါ် မယုံကြည်ခြင်းမဟုတ်ဘဲ ဆီးချိုရောဂါကို ကုသသည့်အခါ လူနာ၏ အသက်အရွယ်၊ ကျား၊ မ၊ အလုပ်အကိုင်ပေါ်မူတည်၍ ဆေးအမျိုးအစားများကို အချိန်အဆဖြင့် (dose မှန်ကန်စွာ) သောက်သုံးရန် လိုအပ်ပါသည်။

ဆီးချိုရောဂါသည် သွေးတွင်းအချိုဓာတ်များလွန်း၍ ကိုယ်ခန္ဓာ အစိတ်အပိုင်းများ တဖြည်းဖြည်းချင်း ထိခိုက်ခြင်းမရှိစေရန် ပုံမှန်ဂရုစိုက်ရမည်ဖြစ်သကဲ့သို့ ဆေးသောက်များပြီး အချိုဓာတ် လုံလောက်စွာမရသဖြင့် ရုတ်တရက် ဆီးချိုကျခြင်းကိုလည်း အထူး ဂရုစိုက်ရမည်ဖြစ်ပါသည်။

**အိပ်ရေးဝဝအိပ်ခြင်း**

လူတစ်ယောက်အနေဖြင့် ပုံမှန်အိပ်ရေးဝအောင် မအိပ်စက်ပါက အထွေထွေကျန်းမာရေးကို ထိခိုက်စေသကဲ့သို့ ဆီးချိုဝေဒနာသည်များ အနေဖြင့် ဆီးချိုရောဂါထိန်းသိမ်းရာတွင် အခက်အခဲတွေ့တတ်ပါသည်။ “စောစောအိပ်ထ၊ ပြုကျင့်က ကင်းပဘေးရောဂါ” ဆိုသည့်အတိုင်း အချိန်မှန် စောစီးစွာ ည ၁၁ နာရီထက်နောက်မကျဘဲ အိပ်ပြီး အနည်းဆုံးအိပ်ချိန် တစ်ရက် ခုနစ်နာရီခန့်ရှိအောင် အိပ်ပါသည်။ ဘောလုံးပွဲနှစ်သက်သော ကျွန်တော့်အနေဖြင့် အစောပိုင်းပွဲများကိုသာ ကြည့်ရှုပြီး အိပ်ရေးမပျက်အောင် မိမိကျန်းမာရေးကို ဂရုစိုက်ရပါသည်။

**စိတ်ဖိစီးမှုနည်းပါးအောင် လုပ်ဆောင်ခြင်း**

“လူတစ်စု ပူမှုရယ်တဲ့ဆယ်ကုဋေ” ဆိုသည့်အတိုင်း လူတိုင်း လူတိုင်းစိတ်သောကများ၊ အဆင်မပြေမှုများ၊ စိတ်ဖိစီးမှုများရှိနိုင်ပါသည်။ စိတ်ဖိစီးမှုလျှော့ချနိုင်ရေးအတွက် ယောဂကျင့်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ မိမိဝါသနာပါရာ အန္တရာယ်ကင်းသည့် အလုပ်များကို အများသူငါ မထိခိုက်စေဘဲ လုပ်ဆောင်ခြင်း၊ အလုပ်အကြွေး၊ ငွေကြေး အကြွေးများကင်းအောင် ကြိုးစားဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် စိတ်ဖိစီးမှုနည်းပါးပြီး ဆီးချိုကို ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေပါသည်။

ဆီးချိုရောဂါကို အမြစ်ပြတ်အောင် ကုသ၍မရပါ။ ဆရာဝန်နှင့် ပြသ၍ သွေးချိုမှန်မှန် စစ်ဆေးရန် လိုအပ်ပါသည်။ စနစ်တကျ နေထိုင်စားသောက်ပြီး ကျွမ်းကျင်သူများနှင့် စစ်ဆေးမှုခံယူပါက သက်တမ်းစေ့နေထိုင်နိုင်ပါသည်။ ဆီးချိုရောဂါခံစားနေရသူ လူတစ်ဦးတစ်ယောက်တိုင်းမှ အသိ၊ သတိဖြင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း၊ သင့်တင့်မျှတစွာ စားသောက်ခြင်း၊ စနစ်တကျ ဆေးကုသမှုခံယူခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ စိတ်ဖိစီးမှုနည်းပါးအောင် ဆောင်ရွက်ခြင်းကဲ့သို့သော ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုပုံစံများကို နေ့စဉ်မပြတ် အစဉ်တစိုက် ကျင့်သုံးနေထိုင်ခြင်းဖြင့် မိမိကိုယ်တိုင် ကျန်းမာအသက်ရှည်မည်ဖြစ်သကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ခြင်းဖြင့် မြန်မာပြည်သူတစ်ရပ်လုံး၏ ကျန်းမာသော မျှော်မှန်းသက်တမ်းလည်း မြင့်မားလာလိမ့်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား** - ကျန်းမာရေးဝန်ကြီးဌာန၏လူတိုင်း၊အိမ်တိုင်း ဆောင်ထား ကျန်းမာရေးအသိပညာများ စာအုပ် (၂၀၂၄)ခုနှစ်

- **လူတိုင်း လူတိုင်းစိတ်သောကများ၊ အဆင်မပြေမှုများ၊ စိတ်ဖိစီးမှုများရှိနိုင်ပါသည်။ စိတ်ဖိစီးမှု လျှော့ချနိုင်ရေးအတွက် ယောဂကျင့်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ မိမိဝါသနာပါရာ အန္တရာယ်ကင်းသည့် အလုပ်များကို အများသူငါ မထိခိုက်စေဘဲ လုပ်ဆောင်ခြင်း၊ အလုပ်အကြွေး၊ ငွေကြေး အကြွေးများကင်းအောင် ကြိုးစားဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် စိတ်ဖိစီးမှု နည်းပါးပြီး ဆီးချိုကိုထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေပါသည်**
- **ဆီးချိုရောဂါကို အမြစ်ပြတ်အောင် ကုသ၍မရပါ။ ဆရာဝန်နှင့်ပြသ၍ သွေးချိုမှန်မှန် စစ်ဆေးရန် လိုအပ်ပါသည်။ စနစ်တကျ နေထိုင်စားသောက်ပြီး ကျွမ်းကျင်သူများနှင့် စစ်ဆေးမှုခံယူပါက သက်တမ်းစေ့နေထိုင်နိုင်ပါသည်**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃ ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးစိုးတင့်၊ တာဝန်ရှိသူ များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက် ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန် အဖွဲ့ ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများသည် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး နိုင်ငံ့ဝန်ထမ်း များနှင့် သက်ဆိုင်သော ဗဟုသုတနှင့် အတွေ့အကြုံ များ တိုးပွားလာစေရန်၊ ချစ်ကြည်ရင်းနှီး စည်းလုံး ညီညွတ်မှုရရှိစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားများ ကောင်းမွန်လာစေရန် ရည်ရွယ်လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လက်တွေ့ လုပ်ငန်းခွင်နယ်ပယ်တွင် အကျိုးရှိအောင် အသုံးပြု ကြပြီး မျိုးဆက်သစ် ကျောင်းသားလူငယ်များအား နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် လူကောင်း၊ လူတော် နိုင်ငံ့သားကောင်းများဖြစ်အောင် ဆက်လက်ပြုစု ပျိုးထောင်ကြစေလိုကြောင်း၊ ပါတီ နိုင်ငံရေးကင်းရှင်းပြီး တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းကြရန် တိုက်တွန်းပါ



ကြောင်း ပြောကြားပြီး(**အပေါ်ပုံ**) သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၁၀၇) သို့ သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၃၅၈ ဦး စုစုပေါင်း ၃၈၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **"Amplifying the leadership of persons with disabilities for an inclusive and sustainable future"**ကို **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊
(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊
(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊
(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊
(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊
(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူနေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏အဓိပ္ပာယ်)
(ဆ) မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊
(ဇ) အကြံပြုချက်များ၊
(ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည်ကွန်ပျူတာဖြင့်ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက် မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail- vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၁၄.၁၁.၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ ညနေ(၁၆:၀၀) နာရီအထိ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်

**ပြည် နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သော ထူးချွန်တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၆ ရက်က ပြည်မြို့ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြု လေ့လာမှုစခန်း (ဇီးအုပ်)



၌ ကျင်းပရာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ထူးချွန်တောင်သူများအား ဂုဏ်ပြုအားပေးစကား ပြောကြားပြီး ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်း မိုးစပါး၊ နှမ်းစပါး၊ ဝါသီးနှံနှင့် ဆီထွက်သီးနှံများအပါအဝင် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့သော ထူးချွန်တောင်သူ ၁၁ ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ပြည်မြို့နယ်တွင် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မိုးစပါး တစ်ဧက အထွက်နှုန်း ၁၅၈ တင်း၊ နွေစပါး တစ်ဧကအထွက်နှုန်း တင်း ၁၅၀ အထိ ထွက်ရှိကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ဖြူးမြို့နယ်၌ မတ်ပဲမျိုးစေ့၊ နေကြာမျိုးစေ့နှင့် ဓာတ်မြေဩဇာများပေးအပ်



**ဖြူး နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းပို့ကုန်ကုမ္ပဏီများ စုပေါင်း၍ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်နေသည့် ဒေသများတွင် အချိန်မီစိုက်ပျိုးနိုင်ရန် မတ်ပဲမျိုးစေ့နှင့် နေကြာစပ်မျိုး(၁)ပေးအပ်ပွဲကို ဖြူးမြို့နယ် လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံ သမဝါယမအသင်းလီမိတက်ရုံး၌ နိုဝင်ဘာ ၇ ရက်က ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က မတ်ပဲမျိုးစေ့ ပိဿာ ၂၄၆၀ ကို ဖြူးမြို့နယ် လူငယ့်အားမာန်အသင်း ဥက္ကဋ္ဌထံသို့လည်းကောင်း၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က နေကြာစပ်မျိုး(၁) နေကြာမျိုးစေ့နှင့် သွင်းအားစုဓာတ်မြေဩဇာများကို အသင်းသား ဦးတင်ထွန်းနှင့် ဦးဘိုလှတို့ထံ ပေးအပ်သည်။ **နေမျိုးလွင် (ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဲဇလီပုသိမ်စု ကျေးရွာအုပ်စု သစ်ဖြူချောင်းကျေးရွာ၌ နိုဝင်ဘာ ၇ ရက်က မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအတွက် ပြည်သူလူထုနှင့် ကျေးရွာသူ ကျေးရွာ သားများ အား ပညာပေးဟောပြောစဉ်။ မြို့နယ် (ပြန်/ဆက်)

## ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၄) တွင် မန်ယူပထမဆုံးနိုင်ပွဲရရှိ စပါးအသင်း ရှုံးပွဲကြုံ

ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၄) မှ မန်ယူနှင့် ဂရိကလပ် PAOK အသင်းပွဲစဉ်ကို နိုဝင်ဘာ ၈ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ **(အောက်ပုံ)** မန်ယူအသင်းက အာမက်ဒီယယ်လို၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

မန်ယူအသင်းရော ပြိုင်ဘက် PAOK အသင်းပါ ပထမဆုံး ယူရိုပါလိဂ်နိုင်ပွဲရရှိရန် အသင်းကို အကောင်းဆုံးပြင်ဆင်လာသည့်အတွက် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။

မန်ယူအသင်းဂိုးသမား အိုနာနာသည် PAOK အသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးနှစ်ကြိမ်ထက်မနည်းကို လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ပွဲချိန်မိနစ် ၅၀ နှင့် ၇၇ မိနစ်တွင် အာမက်ဒီယယ်လို တစ်ဦးတည်းက သွင်းယူနိုင်ခဲ့သည်။ မန်ယူအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၄) အပြီးတွင် ရမှတ်ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းနိုင်ရန် အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့သည်။

ပြိုင်ဘက် PAOK အသင်းက လေးပွဲကစားပြီး တစ်မှတ်သာရရှိထားသေးသည့်အတွက် နောက်တစ်ဆင့် တက်လှမ်းနိုင်ရေးလက်ကျန် ပွဲစဉ်များတွင် မဖြစ်မနေနိုင်ပွဲရရှိရေး ရှန်းကန်ရတော့မည် ဖြစ်သည်။ ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၄) မှ အခြားနာမည်ကြီးပွဲစဉ်ရလဒ်များတွင် အိုင်းယက်စ်က မက္ကာဘီတဲအဗီးကို ငါးဂိုး-ဂိုးမရှိ၊ လာဇီယိုက ပေါ်တိုကို နှစ်ဂိုး-တစ်ဂိုး၊ ပီလ်ဇန်က ဆိုစီဒက်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘီလ်ဘာအိုက လူဒိုဂိုရက်စ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဂါလာတာစာရေးက စပါးကို သုံးဂိုး-နှစ်ဂိုး နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။ **အောင်ဇော်**



# အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့် အိမ်ဖြူတော်အကြီးအကဲအဖြစ် ဆူဇီဝိုင်းလ်ကိုခန့်အပ်

ဝါရှင်တန် နိုဝင်ဘာ ၈

**အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ ရွေးကောက်ပွဲအောင်နိုင်ရေးမန်နေဂျာ ဆူဇီဝိုင်းလ်ကို အိမ်ဖြူတော်အကြီးအကဲအဖြစ် ခန့်အပ်လိုက်သည်။**




မစ္စတာထရမ့်သည် ၎င်း၏ရွေးချယ်ခန့်အပ်မှုကို နိုဝင်ဘာ ၇ ရက်တွင် ကြေညာခဲ့သည်။

မစ္စတာထရမ့်က အောင်မြင်ခဲ့သော သမ္မတ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင် ဝိုင်းလ်၏ လုပ်ဆောင်မှုများကို ချီးကျူးလိုက်သည်။ ဝိုင်းလ်က ၎င်းအား အမေရိကန်သမိုင်းတွင် အကြီးကျယ်ဆုံး နိုင်ငံရေးအောင်ပွဲများထဲမှ တစ်ခုကို အောင်မြင်အောင် ကူညီခဲ့ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ဒေါ်နယ်ထရမ့်သည် ဝိုင်းလ်အား ကြမ်းတမ်းသော၊ ထက်မြက်သော၊ တီထွင်ဆန်းသစ်ပြီး တစ်ကမ္ဘာလုံးက သဘောကျလေးစားသူအဖြစ် ဖော်ပြခဲ့သည်။

ဝိုင်းလ်ကို အမေရိကန်သမိုင်းတွင် ပထမဆုံး အိမ်ဖြူတော်အကြီးအကဲအဖြစ် ခန့်အပ်နိုင်ခြင်းသည် ထိုက်တန်သည့် ဂုဏ်ယူမှုဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

ဆန္ဒမဲပေးပြီးနောက် နှစ်ရက်အကြာတွင် ယင်းကြေညာချက်ကို လျင်မြန်စွာ ထုတ်ပြန်လိုက်ခြင်းနှင့်အတူ ဒေါ်နယ်ထရမ့်သည် ၎င်း၏ ဒုတိယသမ္မတသက်တမ်းအတွက် ကြိုတင်ပြင်ဆင်မှုများကို ဇန်နဝါရီလတွင်စတင်ရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**



# ပင်လယ်နီတွင် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ဟူသီခေါင်းဆောင်ပြော

**အေဒင် နိုဝင်ဘာ ၈**

အမေရိကန်နိုင်ငံ၌ ရွေးကောက်ပွဲအပြီး ဖြစ်လာနိုင်ခြေရှိသည့်မူဝါဒ အပြောင်းအလဲ မည်သို့ပင်ရှိစေကာမူ ပါလက်စတိုင်းတို့ကို ထောက်ခံအားပေးသည့်အနေဖြင့် ပင်လယ်နီတွင် တိုက်ခိုက်မှုများ ဆက်လက် လုပ်ဆောင်သွားမည်ဟု ယီမင်နိုင်ငံရှိ ဟူသီသူပုန်များက နိုဝင်ဘာ ၇ ရက်တွင် ပြောသည်။

အစ္စရေး၊ အမေရိကန်၊ ဗြိတိန်တို့နှင့်ဆက်နွှယ်မှုရှိသည့် သင်္ဘောများကိုပစ်မှတ်ထားကာ တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ဟူသီအုပ်စုခေါင်းဆောင် အဗ္ဗဒူမာလစ်အယ်ဟူသီက ပြောကြားခဲ့သည်။ အမေရိကန်၌ ခေါင်းဆောင်မှုအပြောင်းအလဲနှင့် စစ်ရေးအရဖိအားများ ပြောင်းလဲမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဟူသီအုပ်စု၏ ရပ်တည်ချက် ပြောင်းလဲမည် မဟုတ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဟူသီတို့က ဂါဇာကမ်းမြောင်ဒေသအား ရန်လိုမှုနှင့် သိမ်းယူမှုကို အဆုံးသတ်ရန် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များကို တောင်းဆိုထားသည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ဟူသီအုပ်စုသည် ဒေသတွင်း ပင်လယ်ပြင်၌ အစ္စရေးတို့နှင့်ဆက်နွှယ်မှုရှိသည့် သင်္ဘောများကို ပစ်မှတ်ထားကာ ဒုံးကျည်တိုက်ခိုက်မှုများ၊ ဒရုန်းဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဟူသီတို့၏ တိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်သည့် အနေဖြင့် အဆိုပါဒေသတွင် တပ်စွဲထားသည့် အမေရိကန် -ဗြိတိန်ရေတပ်ညွှန့်ပေါင်းအဖွဲ့က ဟူသီအဖွဲ့ကို ပစ်မှတ်ထား၍ ဇန်နဝါရီလမှ စတင်ကာ ပုံမှန်လေကြောင်းတိုက်ခိုက်မှုများနှင့် ဒုံးကျည်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရှိ မီးတောင်ပေါက်ကွဲမှုဖြစ်ပွား

**ဂျကာတာ နိုဝင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရှိ မီးတောင် ထပ်မံပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု အင်ဒိုနီးရှားမီးတောင်စောင့်ကြည့်ရေး အေဂျင်စီက ပြောသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီတာ ၈၀၀၀ ကျော်အကွာအဝေးရှိ လေထုထဲသို့ မီးတောင်ပြာများ လွင့်စဉ်သွားခဲ့သည်။ နိုဝင်ဘာ ၇ ရက်က မီးတောင်ပေါက်ကွဲမှုကြောင့် သေကျေပျက်စီးသူမရှိသကဲ့သို့ ဆူနာမီဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်လည်းမရှိဟု ဒေသခံအာဏာပိုင်များက ပြောသည်။ နိုဝင်ဘာ ၇ ရက်က ဖလောရက်စ်ကျွန်းရှိ လီဝီတိုဘီလာကီ-လာကီ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု မီးတောင်နှင့် ဘူမိဗေဒဆိုင်ရာ အန္တရာယ်လျော့ပါးရေး ဗဟိုဌာနမှ ပြောကြားခဲ့သည်။

ယခုပေါက်ကွဲမှုသည် နိုဝင်ဘာ ၂ ရက်ကတည်းက မီးတောင်ဆက်တိုက်ပေါက်ကွဲမှု၏ နောက်ဆက်တွဲပေါက်ကွဲမှုဖြစ်သည်။

အဆိုပါ မီးတောင်ရှိရာနေရာ အနီးတစ်ဝိုက်တွင် လူပေါင်း ၁၀၀၀၀ ကျော် နေထိုင်သည်။ မီးတောင် ပေါက်ကွဲမှုများကြောင့် ကိုးဦးသေဆုံးခဲ့ပြီး ၆၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ၄၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ နိုဝင်ဘာ ၇ ရက်တွင် မီးတောင် ပေါက်ကွဲမှုမတိုင်မီ ဒေသခံအာဏာပိုင်က သတိပေးချက် အဆင့်အမြင့်ဆုံး ထုတ်ပြန်ထားသည်။ အဆိုပါ မီးတောင်သည် ဇန်နဝါရီလအတွင်းကလည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဒေသခံ ၆၅၀၀ နေရပ်စွန့်ခွာခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# ဩစတြေးလျ၌ အသက် ၁၆ နှစ်အောက် ကလေးများအားလုံး လူမှုမီဒီယာ အသုံးပြုခွင့် တားမြစ်ပိတ်ပင်သွားမည်

**ကင်ဘာရာ နိုဝင်ဘာ ၈**

ဩစတြေးလျဝန်ကြီးချုပ်က အသက် ၁၆ နှစ်အောက် ကလေးများအားလုံး လူမှုမီဒီယာအသုံးပြုခွင့် တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဥပဒေမူကြမ်းကို နိုဝင်ဘာလနှောင်းပိုင်းတွင် လွှတ်တော်၌ တင်သွင်းမည်ဖြစ်ကြောင်း အန်တိုနီအယ်လ်ဘာနီစ်က ပြောကြားခဲ့သည်။ အသက်ကန့်သတ်ချက်သည် ဥပဒေမူကြမ်းအတည်ပြုပြီး တစ်နှစ်အကြာတွင် အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

လူမှုမီဒီယာများသည် ဩစတြေးလျ လူငယ်များအား လူမှုရေးထိခိုက်နစ်နာမှုများကို ဖြစ်စေကြောင်း အယ်လ်ဘာနီးစ်က ပြောကြားခဲ့သည်။ လူငယ်များ ဘေးအန္တရာယ်ကင်းရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာခြင်းသည် ထိပ်တန်းဦးစားပေးကိစ္စဖြစ်သည့်အတွက် အဆိုပါကိစ္စကို အချိန်နှင့်တစ်ပြေးညီ တောင်းဆိုနေခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါဥပဒေမူကြမ်းသည် ကလေးနှင့် မိဘများထက် လူမှုမီဒီယာပလက်ဖောင်းများတွင် တာဝန်ခံမှု၊ တာဝန်ယူမှုကိုပါ တစ်ပါတည်းထည့်သွင်းပေးထားမည်ဖြစ်သည်။ ဥပဒေမူကြမ်းသည် လူမှုမီဒီယာပလက်ဖောင်းများဖြစ်သည့် Instagram, TikTok နှင့် X ကိုရည်ရွယ်သည်။

ကလေးများကို အကောင့်ဖွင့်ခြင်းမှ မတားဆီးနိုင်ပါက အဆိုပါလူမှုမီဒီယာပလက်ဖောင်းများသည် ပြစ်ဒဏ်များနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ယင်းဥပဒေမူကြမ်းသည် အကောင့်ဖွင့်ရန်မလိုသော Youtube နှင့် တခြားလူမှုမီဒီယာပလက်ဖောင်းများကို ကင်းလွတ်ခွင့်ပြုထားသည်။

မကြာသေးမီက ကောက်ယူခဲ့သော စစ်တမ်းတစ်ခုအရ လူ ၆၀ ရာခိုင်နှုန်းခန့်သည် အရွယ်မရောက်သေးသူများအတွက် ဆိုရှယ်မီဒီယာကို ပိတ်ပင်ရန် ထောက်ခံကြောင်း ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**




# မိုးခေါင်ရေရှားမှုကြောင့် တူကီယဲနိုင်ငံ စပန်ကာရေကန်၏ ရေမျက်နှာပြင်ကျဆင်း

**အစ္စတန်ဘူလ် နိုဝင်ဘာ ၈**

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းရှိ သောက်သုံးရေအတွက် အဓိကအားထားရသော စပန်ကာရေကန်၏ ရေမျက်နှာပြင်မှာ မိုးခေါင်ရေရှားမှုကြောင့် ငါးနှစ်တာအတွင်း အနိမ့်ဆုံး ကျဆင်းသွားခဲ့ကြောင်း ပြည်တွင်းမီဒီယာတွင် နိုဝင်ဘာ ၇ ရက်က ဖော်ပြထားသည်။

စပန်ကာရေကန်၏ ရေမျက်နှာပြင်မှာ ၃၀ ဒသမ ၁၃ မီတာ ကျဆင်းပြီး ငါးနှစ်တာအတွင်း အနိမ့်ဆုံးအဖြစ် ကျဆင်းခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါရေကန်မှ ရေဖြင့် ဒေသခံ သုံးသန်းနီးပါးကို သောက်သုံးရေ ထောက်ပံ့ပေးနေခြင်းဖြစ်သည်။

ပုံမှန်မဟုတ်သော မြင့်မားသည့် အပူချိန်၊ နွေရာသီအတွင်း မိုးရွာသွန်းမှုနည်းပါးခြင်း ထိရောက်မှုနည်းပါးသော ဆည်မြောင်းအလေ့အထများနှင့် တရားမဝင် ရေရယူသုံးစွဲမှုများကြောင့် ပြည်နယ်အများအပြားတွင် မိုးခေါင်ရေရှားမှုများ ဖြစ်ပေါ်စေကာ ရေကန်များကို ထိခိုက်စေခဲ့သည်။ **ဆင်ဟွာ**

# အကျဉ်းထောင်များ၏လုပ်ငန်းစဉ်များကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေလိုသောရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံသတင်း ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

မြောင်းမြထောင်တွင် နိုင်ငံရေးအကျဉ်းသား ကိုရဲရင့်အောင်သည် အကျဉ်းဦးစီးဌာန၏ လုပ်ကြံသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့သော်လည်း အရိုက်ခံရသဖြင့် ဦးခေါင်းကွဲသည်ဟူ၍လည်းကောင်း၊ အိမ်မဲပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုးကို ထောင်တွင်းလုပ်ကြံရန် ကြံစည်နေသည်ဟူ၍လည်းကောင်း Khit Thit Media အမည်ခံ Facebook Page က နိုဝင်ဘာ ၃ ရက်တွင် မဟုတ်မမှန်လုပ်ကြံသတင်း ရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ရာ မြောင်းမြအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အောက်တိုဘာ ၂၂ ရက် ညနေပိုင်းတွင် သီးခြားတိုက် အခန်း(၉)နှင့် အခန်း (၁၀)ရှိ အကျဉ်းသား ထွန်းလင်းအောင်နှင့် အကျဉ်းသား ရဲရင့်အောင်တို့ စကားများ ရန်ဖြစ်ခဲ့ပြီး ထွန်းလင်းအောင်သည် သစ်သားချောင်းဖြင့် ရဲရင့်အောင်၏ ဦးခေါင်းအား ရိုက်နှက်ခဲ့ခြင်းဖြစ်ကာ ထွန်းလင်းအောင်အား သံချွန်ဖြင့် ထိုးခဲ့သည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း။

ယင်းဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး အကျဉ်းသား ရဲရင့်အောင်၏ ဦးခေါင်းကို အကျဉ်းထောင်ဆရာဝန်က လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ အရိုက်ခံရသူ ရဲရင့်အောင်အား မေးမြန်းရာ အကျဉ်းသားအချင်းချင်း စိတ်အခန့်မသင့်၍ ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းသာဖြစ်ပြီး တာဝန်ခံအရာရှိ၏ စီမံခန့်ခွဲမှုနည်းလမ်းအတိုင်းသာ အပြစ်ပေးအရေးယူစေလိုပါသည်ဟု ဖြေကြားခဲ့သဖြင့် တာဝန်ခံအရာရှိသည် ထွန်းလင်းအောင်အား ဒေါက်ခြေကျဉ်း ၁၄ ရက် ခတ်ခြင်း၊ လျှော့ရက်များ နုတ်ပယ်ခြင်း၊ သီးခြားတိုက်သို့ ပြောင်းရွှေ့ထားခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် အရေးယူဆောင်ရွက်မှုမရှိဟု ဖော်ပြခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ပြင် မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား ပြည့်ဖြိုးကို ထောင်တွင်းလုပ်ကြံရန် ကြံစည်နေသည်ဟု ဆိုခြင်းမှာလည်း မှန်ကန်မှုမရှိဘဲ TB ရောဂါသည်များနှင့်လည်း ရောနှောထားရှိခြင်းမရှိကြောင်း သိရပြီး အကျဉ်းသား ပြည့်ဖြိုးကိုယ်တိုင် လေဝင်/လေထွက်ကောင်းသည့် အခန်းဖြစ်သည့်အတွက် ဆန္ဒအရ ယင်းအဆောင်၏ အခြားအခန်းတစ်ခုတွင် နေထိုင်ခြင်းသာဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်လုပ်ကြံသတင်းရေးသား ဖော်ပြထားခြင်းသာဖြစ်သည်။

ထို့အတူ DVB Media အမည်ခံ Facebook Page က နိုဝင်ဘာ ၃ ရက်တွင် ဖော်ပြခဲ့သည့် အကျဉ်းသား ဇာနည်အောင်၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေသည်ဆိုသည်မှာ မှန်ကန်မှုမရှိဘဲ မန္တလေးရှိ အိုးဘိုအကျဉ်းထောင်မှ အကျဉ်းသား ဇာနည်အောင် သည် “ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ” ခံစားနေရသော်လည်း ကျန်းမာရေး ကောင်းမွန်လျက်ရှိကာ အကျဉ်းထောင်ဆေးရုံအုပ်၊ သူနာပြုဝန်ထမ်းများကလည်း ကြပ်မတ်ကြည့်ရှုကုသပေးလျက်ရှိကြောင်း။

အကျဉ်းသား ဇာနည်အောင်သည် ဝဲမျက်ခမ်းအရေပြားကင်ဆာ (သံသယ) ရောဂါဖြင့် အောက်တိုဘာ ၃၁ ရက်တွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ နေ့ချင်းပြန်သွားရောက်ပြသခဲ့ပြီး ကင်ဆာအထူးကုဆရာဝန်က လိုအပ်သည့်စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်၍ ဆေးဝါးကုသပေးခဲ့ပြီး သုံးလအကြာတွင် ပြန်လည်ပြသရန် ဆေးမှတ်ချက်ပြုခဲ့ကာ လက်ရှိတွင် ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိသည့်အတွက် DVB Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံသတင်းရေးသား ဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Dongfeng Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG EX1 NANO BOX နှင့် FAW TOYOTA bZ3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရေစကြိုမြို့နယ် နေရင်းကျေးရွာကို နှစ်ရက်ဆက်တိုက် မီးရှို့ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

